# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
# အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## ( အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၉ / ၂၀၂၆ )

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (က)၊ (ဌ)၊ (ဍ) နှင့် (ဎ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) **အခွန်** ဆိုသည်မှာ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွက် ကောက်ခံသည့် အခွန်အကောက်အားလုံး၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေး နှင့် ဒဏ်ကြေးငွေများကို ဆိုသည်။

(ဌ) **အယူခံမှု** ဆိုသည်မှာ အခွန်ကို တာဝန်ယူကောက်ခံသည့် သို့မဟုတ် အစိုးရအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တာဝန်ပေးအပ်ခြင်းခံရသည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့ အစည်းတစ်ခုခုက အခွန် ဆိုင်ရာဥပဒေအရ ချမှတ်သော အခွန် ဆိုင်ရာ အပြီးသတ်အမိန့် သို့မဟုတ် အပြီးသတ်ဆုံးဖြတ်ချက်ကို သော်လည်းကောင်း၊ အကောက်ခွန် ဆိုင်ရာ ဥပဒေအရချမှတ်သော အပြီးသတ်အမိန့် သို့မဟုတ် အပြီးသတ် ဆုံးဖြတ်ချက်ကို သော်လည်းကောင်း ကျေနပ်မှုမရှိ၍ ခုံအဖွဲ့သို့ အယူခံ တင်သွင်းသည့် အမှုကိုဆိုသည်။

(ဍ) **ပြန်လည်သုံးသပ်မှု** ဆိုသည်မှာ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုတွင် ခုံအဖွဲ့ကချမှတ်သော အမိန့်နှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ပေးရန် ခုံအဖွဲ့၏ သတ်မှတ်ချက်နှင့်အညီ တင်သွင်းသည့် အမှုကို ဆိုသည်။

(ဃ) **လွှဲအပ်မှု** ဆိုသည်မှာ ခုံအဖွဲ့သို့ တင်သွင်းလာသည့်အမှုကို စုံညီခုံအဖွဲ့က ကြားနာစိစစ်ပြီးနောက် ဥပဒေကြောင်းအရ ဖြေရှင်းရန် အကြောင်းပေါ်ပေါက်သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပို့ရမည့် အမှုကို ဆိုသည်။

(ခ) ပုဒ်မခွဲ (တ) နောက်တွင် ပုဒ်မခွဲ (ထ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ထ) **ဝန်ကြီးဌာန** ဆိုသည်မှာ ခုံအဖွဲ့ရုံး၏ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ဝန်ကြီးဌာနကို ဆိုသည်။"

၃။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၂) ဥပဒေ၊ အခွန်၊ စာရင်းကိုင်၊ စာရင်းစစ်တို့နှင့် သက်ဆိုင်သည့်နယ်ပယ် အဖွဲ့ဝင်များတွင် ညွှန်ကြားရေးမှူး အဆင့်နှင့်အထက် ရာထူးရှိပြီးအရာထမ်းလုပ်သက် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ် ကျွမ်းကျင်ပညာရှင်အဖြစ် ရွေးချယ်သတ်မှတ်သူ"

၄။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၂။ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အားလုံးပါဝင်သော စုံညီခုံအဖွဲ့သည် လွှဲအပ်မှုအဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့လွှဲအပ်ပေးရန် အကြောင်းပေါ်ပေါက်ခြင်း ရှိ မရှိ ဆုံးဖြတ်ရာတွင် -

(က) ခုံအဖွဲ့က ကြားနာစစ်ဆေးနေစဉ် အမှု၌ ဥပဒေကြောင်းနှင့်စပ်လျဉ်း၍ ဖြေရှင်းရမည့် ကိစ္စတစ်ရပ်ရပ်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိချက်အရ တင်ပြလာခြင်းဖြစ်ပါက စိစစ်ဆုံးဖြတ်ရမည်။

(ခ) လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက ခုံအဖွဲ့၏အမိန့်တွင် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စ တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း ဖော်ပြ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပါရန် လျှောက်ထားခြင်းဖြစ်ပါက ကြားနာစစ်ဆေးဆုံးဖြတ်ရမည်။"

၅။ အခွန်အယူခံခုံအဖွဲ့ ဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၃။ ပုဒ်မ ၁၂ အရ ဆုံးဖြတ်ရာတွင်-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်သင့်ကြောင်းဆုံးဖြတ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်ရယူနိုင်ရန် အမှုကို လွှဲအပ်ပေးပို့ရမည်။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ရန်မသင့်ကြောင်း ဆုံးဖြတ်ပါက -

(၁) ခုံအဖွဲ့က ကြားနာစစ်ဆေးနေဆဲအမှု ဖြစ်ပါက အမှုကို ဆက်လက်စစ်ဆေးဆုံးဖြတ်စေရမည်။

(၂) လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက တင်ပြလျှောက်ထားသော အမှုဖြစ်ပါက ပလပ်ကြောင်းအမိန့်ချမှတ်ရမည်။"

၆။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "စာရွက်စာတမ်း" ဆိုသည့် စကားရပ်ကို "စာတမ်းအမှတ်အသား" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"ခုံအဖွဲ့သည် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းကချမှတ်ထားသော အပြီးသတ်အမိန့် သို့မဟုတ် အပြီးသတ်ဆုံးဖြတ်ချက်များ သို့မဟုတ် မူလခုံအဖွဲ့ကချမှတ်သော အမိန့်အပေါ် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။"

၈။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) သက်ဆိုင်ရာ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းက တာဝန်ပေးအပ်ခြင်း ခံရသည့် ဦးစီးအရာရှိအဆင့်အောက် မနိမ့်သော ပုဂ္ဂိုလ်သည် အမှုနှင့် စပ်လျဉ်း၍ ခုံအဖွဲ့သို့ လာရောက်ခြင်း၊ လျှောက်ထားခြင်း၊ ဆောင်ရွက်ခြင်း၊ လျှောက်လဲချက်ပေးခြင်းတို့ ပြုနိုင်သည်။"

၉။ အခွန်အယူခံခုံအဖွဲ့ဥပဒေ၏ အခန်း (၆) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"ကြားနာခြင်း၊ ဆုံးဖြတ်ချက်၊ အမိန့် ချမှတ်ခြင်းနှင့် ရုပ်သိမ်းခြင်း"

၁၀။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(က) လွှဲအပ်မှုမှတစ်ပါး အမှုများကို ကြားနာစစ်ဆေးရာတွင် ခုံအဖွဲ့တစ်ဖွဲ့လျှင် မိမိ အပါအဝင်ဖြစ်စေ၊ အခြား အဖွဲ့ဝင်များဖြင့်ဖြစ်စေ ခုံအဖွဲ့ ခေါင်းဆောင် တစ်ဦးနှင့် အဖွဲ့ဝင်နှစ်ဦး ပါဝင်ဆောင်ရွက်ရန် ဖွဲ့စည်းရမည်။"

၁၁။ အခွန်အယူခံခုံအဖွဲ့ ဥပဒေ ပုဒ်မ ၂၂ တွင် -

( က ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ကြားနာသော အမှုနှင့်စပ်လျဉ်း၍ ခုံအဖွဲ့၏ နေ့စဉ်ဆောင်ရွက်ချက်များကို ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ခြင်း ခံရသူက မှတ်တမ်းတင်ပြီး ဥက္ကဋ္ဌ သို့မဟုတ် ခုံအဖွဲ့ခေါင်းဆောင်က လက်မှတ်ရေးထိုးထားရှိရမည်။"

( ခ ) ပုဒ်မခွဲ (င) ကို ပယ်ဖျက်ရမည်။

၁၂။ အခွန်အယူခံခုံအဖွဲ့ ဥပဒေ ပုဒ်မ ၂၂ ၏ နောက်တွင် ပုဒ်မ ၂၂-က ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

"၂၂-က။ ခုံအဖွဲ့သည် အမှုကို ကြားနာခြင်း၊ စစ်ဆေးခြင်း၊ ဆုံးဖြတ်ချက် ချမှတ်ခြင်း နှင့် အမိန့်ချမှတ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေ၊ ရာဇဝတ်ကျင့်ထုံး ဥပဒေ၊ သက်သေခံအက်ဥပဒေနှင့် အခြား တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆီလျော်သရွေ့ ရည်ညွှန်းသုံးစွဲနိုင်သည်။

၁၃။ အခွန်အယူခံခုံအဖွဲ့ ဥပဒေ ပုဒ်မ ၂၄ တွင် ပါရှိသော "ဆုံးဖြတ်ချက်" ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၂၉ တွင် ပါရှိသော "စီရင်ချက်အမိန့်" ဆိုသည့် စကားရပ်တို့ကို "အမိန့်" ဆိုသည့် စကားရပ် ဖြင့် အသီးသီး အစားထိုးရမည်။

၁၄။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၂၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၅။ အမှုကြားနာစစ်ဆေးသော ဥက္ကဋ္ဌ သို့မဟုတ် ခုံအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များက အတည်ပြုလက်မှတ်ရေးထိုး၍ ရက်စွဲတပ်ထားသော အမိန့်ကို ခုံအဖွဲ့က အများပြည်သူ ရှေ့မှောက်တွင် ချမှတ်ခြင်း သို့မဟုတ် ခုံအဖွဲ့ရုံးက နှစ်ဖက်အမှုသည်များထံ စာဖြင့် ပေးပို့ခြင်းနှင့် ပြန်တမ်းတွင် ထည့်သွင်းကြေညာနိုင်ရန် ပေးပို့ခြင်းတို့ကို ဆောင်ရွက်ရမည်။"

၁၅။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀။ ခုံအဖွဲ့သည် မိမိဆောင်ရွက်ခဲ့သည့် ကြားနာမှုများနှင့်သက်ဆိုင်သည့် အစီရင်ခံစာကို ဘဏ္ဍာရေးနှစ်တစ်နှစ် ပြီးဆုံးသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း အစိုးရအဖွဲ့သို့ နှစ်စဉ်တင်ပြရမည်။"

၁၆။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၄၂ တွင် ပါရှိသော "ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ